မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ ။ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ၊ (၂၈)ရက်

## ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၉)ခုမြောက်ဘဏ်ခွဲဖြစ်သော မူဆယ်ဘဏ်ခွဲ(၂) အား (၂၉-၈-၂၀၁၈)ရက်နေ့၊ နံနက်ပိုင်းမှစ၍ ဘဏ်ခွဲဖွင့်လှစ်မည်ဖြစ်ပြီး ဖွင့်လှစ်သည့်နေ့မှစပြီး ဘဏ်လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ အသိပေးကြေငြာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား အမှတ်(ကမတ-၂၅)၊ ပြည်ထောင်စုလမ်းမကြီး၊ ကောင်းမှုတုံရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယင်းမူဆယ်ဘဏ်ခွဲ(၂)သည် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွင်း ပဌမအကြိမ်မြောက် ဖွင့်လှစ်သောဘဏ်ခွဲဖြစ်ပြီး မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် မူဆယ်ဒေသတွင် ဒုတိယမြောက် ဖွင့်လှစ်သည့်ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် မူဆယ်မြို့ပေါ်နေ ပြည်သူများ နယ်စပ်ဒေသငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိခြင်း၊ ငွေကြေးဆိုင်ရာလွှဲပြောင်းခြင်းလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ပြီး ရှမ်းပြည်နယ် နယ်စပ်ဒေသနှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်း အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်